**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (069/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၆၉/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မေလ (၁၅) ရက်နေ့မှ ၂၀၁၁ ခုနှစ် မေလ (၂၁) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- အစိုးရသစ်တက်ပြီးနောက် အင်တာနက်ဆိုင်များတွင် လိုက်နာရမည့် စည်းကမ်းချက်အသစ်များအဖြစ် ယူအက်စ်ဘီ သုံးစွဲခွင့်မပြုရန် အပါအဝင် အချက် ၁၂ ချက်ကို ပြီးခဲ့သည့်ဧပြီလအတွင်း မြန်မာ့ဆက်သွယ်ရေးဌာနက စာတိုက်မှတဆင့်ပေးပို့ခဲ့သည်ဟု ရန်ကုန်မှ အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ (DVB 150511) Read More...
- သမ္မတသစ်ဦးသိန်းစိန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေလ ၂၆ ရက်နေ့တွင် တရုတ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ပြီး နှစ်နိုင်ငံစစ်ရေးကိစ္စများနှင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ တရုတ်ရေတပ် စစ်သင်္ဘောများလာရောက်ဆိုက်ကပ်ခွင့် ကိစ္စတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း နေပြည်တော်ရှိ အစိုးရအဖွဲ့အသိုင်းအဝန်းကပြောသည်။ (Irrawaddy 160511) Read More...
- သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အရ မြန်မာနိုင်ငံ တဝှမ်းရှိ အကျဉ်းသား ၁၄,၆၀၀ ကို မေလ ၁၇ ရက်နေ့တွင် စတင်လွှတ်ပေးလိုက်ပြီး ၎င်းစာရင်းထဲတွင် အမျိုးသမီး ၂,၁၆၆ ဦးပါဝင်သည်ဟု အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၏ပြောကြားချက်ကို ကိုးကား၍ ရန်ကုန်မှလာသည့် AP သတင်းတွင် ဖော်ပြထားသည်။ (VOA 170511) Read More...
- သမ္မတဦးသိန်းစိန်က နိုင်ငံတဝှမ်း အကျဉ်းထောင်များရှိ ထောင်ဒဏ်ကျခံနေသူများကို ပြစ်ဒဏ်တစ်နှစ် လျှော့ပေးလိုက်သော်လည်း ထောင်ဒဏ် ၄၄ နှစ်ကျခံနေရသည့် စစ်ထောက်လှမ်းရေး အကြီးအကဲဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း ဦးခင်ညွန့်အတွက် အကျုံးမဝင်ကြောင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက မေ ၁၆ ရက်နေ့တွင် ပြောကြားလိုက်သည်။ (Mizzima 170511) Read More...
- မေ ၁၆ ရက်နေ့က အမိန့်ကြေညာစာအမှတ် (၂၈/၂၀၁၁) ဖြင့် သမ္မတက ထုတ်ပြန်လိုက်သည့် လွတ်ငြိမ်းချမ်းသာခွင့်သည် ပဏာမအဆင့်သာဖြစ်ကြောင်း သမ္မတ၏ နိုင်ငံရေးအကြံပေးအဖွဲ့ဝင် ဒေါက်တာနေဇော်လတ်က ပြောသည်။ (DVB 180511) Read More...
- မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌနှင့် ဗိုလ်ချုပ်ကြီးဟောင်း ဦးနေဝင်း၏ သားသမက် ဦးအေးဇော်ဝင်းနှင့် မြေးများဖြစ်သည့် ကိုအေးနေဝင်း၊ ကိုကျော်နေဝင်း၊ ကိုဇွဲနေဝင်းတို့ကို ၂၀၀၂ ခုနှစ်က နိုင်ငံတော် ပုန်ကန်မှုဖြင့် သေဒဏ် ချမှတ်ထားရာမှ အစိုးရသစ်က ကြေညာခဲ့သည့် လွတ်ငြိမ်း ချမ်းသာခွင့်အရ တသက်တကျွန်း ထောင်ဒဏ်အဖြစ် ပြောင်းလဲခဲ့ကြောင်း အကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက ပြောသည်။ (RFA 190511) Read More...

- ရခိုင်ပြည်နယ် အစိုးရသစ်၏ လူဝင်မှုကြီးကြပ်ရေး(လဝက) ဝန်ကြီးဌာန ဝန်ကြီး ဦးလှဟန်အား မေလ ၃ ရက်နေ့ တွင် ရာထူးမှ ဖယ်ရှား၍ ယင်းလဝက ဝန်ကြီးတာဝန်ကို စစ်တပ်ကိုယ်စားလှယ်အား လွှဲပြောင်းပေးလိုက်ကြောင်း ပြည်နယ်အစိုးရအဖွဲ့က ပြောသည်။ (Irrawaddy 200511) Read More..., Narinjara
- အစိုးရသစ်၏ စစ်ကိုင်းတိုင်း ဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ဘက်ဆိုင်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလွင်တို့အကြား စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ သဘောထားတင်းမာမှုများဖြစ်ပေါ်နေသည်ဟု မုံရွာမြို့ရှိရွှေတူးဖော်ရေး လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ (Irrawaddy 200511) Read More...
- မေလ ၂၀ ရက်နေ့မှစတင်၍ သမ္မတက ဦးဆောင်ကျင်းပနေသည့် ဆင်းရဲမွဲတေမှုပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာပြည် အခြေစိုက် ပြည်တွင်းပြည်ပ သတင်းဂျာနယ်များမှ အယ်ဒီတာများကို သတင်းရယူရန် ခွင့်ပြုပြီးကာမှ ပြန်ဖျက်၍ ခွဲခြားခေါ်ယူခဲ့ သည်။ (DVB 200511) Read More...
- ပြည်ထောင်စုပညာရေးဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာမူလတန်းကျောင်းများကို ကျောင်းသုံးစာအုပ်အခမဲ့ဖြန့်ဝေရန် ပြောဆိုခဲ့သော်လည်း ရန်ကုန်တိုင်းဝန်ကြီးတစ်ဦးက စာအုပ်ဖိုးကောက်မည်ဟု ပြောကြားလိုက်သည်။ (DVB 200511) Read More...
- ဦးလှမောင်တင် ဦးဆောင်သော ရခိုင်ပြည်နယ် အစိုးရတွင် အာဏာမရှိဘဲ ရုပ်သေးအစိုးရ ဖြစ်နေသဖြင့် စစ်တပ်၊ ရဲနှင့် အစိုးရဌာနများအနေဖြင့် ရခိုင်ပြည်နယ်တွင် ထင်သလို ဆက်လက်မင်းမူနေပြီး တစ်ချို့နေရာများတွင် အခြေအနေမှာ ယခင်ကထက်ပိုမို ဆိုးရွားလာနေသည်ဟု အမည်မဖော်လိုသူ ဆိုက်ကားသမားတစ်ဦးက ပြောသည်။ (Narinjara 210511) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- တရုတ် - မြန်မာနယ်စပ် ရွှေလီမြစ်ကူး ကတို့ဆိပ်တစ်ခု ဖြစ်သည့် သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင်မန့်ဟျိုးမြို့နယ် ခွဲအတွင်းရှိ နောင်ခိုရွာ စက်လှေဆိပ်တွင် ဒေသခံမြန်မာစစ်တပ်မှ ဗိုလ်ကြီးမျိုးမြင့်အောင်က စစ်တပ်အတွက် နေ့စဉ်ကြေး ၃ သောင်းပေးရမည် ဖြစ်ကြောင်း  မေ ၁၁ နေ့က လှေဆိပ်၌ ပြောဆိုခဲ့သည်ဟု  ကူးတို့ဆိပ် ကန်ထရိုက် ဆွဲထားသူနှင့် နီးစပ်သည့် ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 160511) Read More...
- သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ် ဗိုလ်မွန်း ဦးဆောင်သည့် မန့်ပန်ပြည်သူ့စစ်၊ မိုင်းရယ်မြို့နယ် လောမား ဦးဆောင်သည့် မိုင်းဟ ပြည်သူ့စစ်များအား ဌာနချုပ်အစောင့်အနည်းငယ်သာထားစေပြီး တန့်ယန်း ဗျူဟာရုံးသို့ ဗျူဟာမှူး ဗိုလ်မှူးကြီး ခိုင်ဇော်က ၁၀ ရက်နေတွင် ဆင့်ခေါ်ခဲ့သည်ဟု တန့်ယန်း ဒေသခံများကပြောသည်။ (S.H.A.N 160511) Read More...
- မေ ၁၄ ရက်နေ့က သျှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ်အရှေ့ဖက်မြို့အထွက်ဂိတ်အား သျှမ်းပြည်တပ်မတော်မှ ဝင်ရောက် တိုက်ခိုက်ပြီးနောက် မိုင်းရယ်နှင့်တန့်ယန်းမြို့နယ်ရှိ ပြည်သူ့စစ်ခေါင်းဆောင်များအား ရမခ တိုင်းမှူးက အစည်းအဝေးခေါ်ယူခဲ့ ကြောင်း ပြည်သူ့စစ်သတင်းရပ်ကွက်က ပြောသည်။ (S.H.A.N 1511) Read More...
- ဒေသခံ KNLA တပ်ဖွဲ့များနားခိုနိုင်သည့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အတွင်းရှိ ရွာပေါင်း ၂၀ မှ လယ်သမားများ၏ လယ်တဲ များကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်-တပခ လက်အောက်ခံ ခမရ(၃၄၉) ဒုတပ်ရင်းမှူး ဗိုလ်မှူးရန်ဝင်း ဦးဆောင်သည့်တပ်ဖွဲ့က မေ ၁၅ရက်နေ့မှစ၍ အကုန်ဖြိုဖျက်ခိုင်းသည်ဟု အမည်မဖော်လိုသည့် ဒေသခံတစ်ဦးက ပြောသည်။ (KIC 180511) Read More...
- ကရင်ပြည်နယ် တောင်ငူခရိုင် သံတောင်မြို့နယ်အတွင်း လှုပ်ရှားနေသည့် မြန်မာအစိုးရစစ်တပ် စစ်ကွပ်ကဲရေးဌာန ချုပ်-စကခ(၉) လက်အောက်ခံ ခမရ(၅၄၁)နှင့် ခမရ(၃၇၆) တပ်ရင်းတို့သည် ပြီးခဲ့သည့်ရက်ပိုင်းက ရေသိုးကြီးဝှင်ရှိ ဒေသခံရွာသားများ၏ စပါးမျိုးစေ့ (၃၃) တင်းခွဲနှင့် လူနေတဲအိမ် ၆ လုံးကို အကြောင်းမဲ့ ဝင်ရောက်မီးရှို့ ဖျက်ဆီးခဲ့ သည် ဟု ဒေသခံတစ်ဦးက ပြောသည်။ (KIC 180511) Read More...
- သျှမ်းသူပုန်များအား ချေမှုန်းရန်အတွက် သျှမ်းပြည်မြောက်ပိုင်း ပြည်သူ့စစ်အဖွဲ့များအား လားရှိုးအခြေစိုက် ရမခ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်အောင်ကျော်ဇောက ဆင့်ခေါ်တွေ့ဆုံခဲ့ကြောင်း ပြည်သူ့စစ်ခေါင်းဆောင်ပိုင်းနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 180511) Read More...
- ပဲခူးတိုင်း တောင်ငူခရိုက် အုတ်တွင်းမြို့အခြေစိုက် ခလရ ၄၈ တပ်ရင်းမှ တာဝန်ရှိသူများသည် တောင်ညိုရွာရှိ အသက် ၆၅ နှစ် အရွယ် အဘွားအိုနှင့် ရွာသားများကို လျှပ်စစ်တာဝါတိုင်ကင်းစောင့်ရန် ပျက်ကွက်သဖြင့် ညှင်းပန်းနှိပ်စက်ခဲ့သောကြောင့် ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ကြသည်။ (DVB 180511) Read More...
- မေ ၁၈ ရက်နေ့က ဒေါ့ဖွန်းယန်မြို့နယ်ခွဲ၊ မြို့သစ်အခြေစိုက် ခမရ ၃၂၀ သည် KIA တပ်မဟာ ၅ လက်အောက်ခံ ဗန်းမော်ခရိုင်၊ တာခေါ်ခမြစ် (တာပိန်မြစ်) အနောက်ဘက်ကမ်းရှိ KIA တပ်ရင်း ၂၅ ကို  အမြောက်ကျည် (၇၅ မမ) ဖြင့် ၃ ကြိမ် ပစ်ခတ်ခဲ့သည်ဟု KIA အရာရှိများက ပြောသည်။ (KNG 180511) Read More...

- ပဲခူးတိုင်းအတွင်း ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) ၏ တိုက်ခိုက်မှုကို မခံရရန်အတွက် အစိုးရတပ်တောင်ပိုင်းတိုင်းစစ်ဌာနချုပ်-တပခ ခလရ (၃၄၉) တပ်ရင်းသည် ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာကျော်မှ ရွာသူရွာသားများကို နံ့သာကွင်း-ကျောက်ကြီးမြို့မှ ကျောက်မော်သို့သွားသည့် ကားလမ်းတစ်ဖက် တချက်ကို ခုတ်ထွင်ရှင်းလင်းရန် တတိယအပတ်မှစ၍ အဓမ္မခိုင်းစေခဲ့သည်ဟု ရွာသားတစ်ဦးကေ ပြောသည်။ (KIC 200511) Read More...
- မန္တလေး မဟာအောင်မြေမြို့နယ်၊ မန္တလေး တက္ကသိုလ်အနီး၊ ၇၃ လမ်း ၃၇-၃၈ လမ်းကြားရှိ ငွေစာရင်းနှင့် မှတ်တမ်းရုံး နံဘေးတွင် ၁၉၈၅ ခုနှစ်ကတည်းက တရားဝင်နေထိုင်လာကြသည့် လူနေဆိုင်ခန်း ၂၀ ခန့်ကို တိုင်းစစ်ဌာနချုပ်က ၃ ရက်အတွင်း ပြောင်းရွှေ့ရန်နှင့် မပြောင်းပါက အင်အားသုံးအရေးယူမည်ဖြစ်ကြောင်း ခြိမ်းခြောက်ခဲ့သည်။ (RFA 210511) Read More...

## ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များ

- ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်အတွင်းရှိ နယ်ခြားစောင့် BGF (၁၀၁၃)နှင့် (၁၀၁၄)တပ်ရင်းများသည် ၎င်းတို့ တပ်စခန်းမိုးရန်အတွက် မောလော်ကလိုးနှင့် ကမမောင်း အနီးဝန်းကျင်ရှိ ရွာပေါင်း ၄၀ခန့်မှရွာသားများအား တစ်အိမ်ထောင်လျှင် အိမ်မိုးဖက် ၁၀၀ ပျစ်စီ BGF စခန်းသို့ မေလကုန်အရောက် ပေးပို့ရန် တောင်းခံခဲ့သည်ဟု ဒေသခံတစ်ဦး က ပြော သည်။ (KIC 170511) Read More...
- တပ်ရင်းပေါင်း ၂၀ ရင်းဖြင့် သျှမ်းပြည်တပ်မတော်အား ထိုးစစ်ဆင်တိုက်ခိုက်နေသသည့် မြန်မာစစ်တပ်က ဒေသခံ ပြည်သူ့စစ်များအား စစ်ကြောင်းရှေ့ပြေးတပ်အဖြစ်အသုံးချလာသဖြင့် တန့်ယန်းမြို့နယ် လားဟူပြည်သူ့စစ်တပ်ဖွဲ့ဝင်အချို့ မိသားစုနှင့်အတူ သျှမ်းပြည်တောင်ပိုင်းသို့ ထွက်ပြေးနေကြသည်။ (S.H.A.N 190511) Read More...

## ရွေးကောက်ပွဲကော်မရှင်

- နိုင်ငံရေးပါတီများမှ ထုတ်ဝေဖြန့်ချိမည့် သတင်းလွှာ၊ စာစောင်များအား ရွေးကောက်ပွဲ ကော်မရှင်သို့ ပထမ ပတ်အတွင်းပေးပို့ရန် မေ ၂ ရက်နေ့က အမိန့်ထုတ်ပြန်လိုက်ပြီး ၎င်းတို့အနေဖြင့် စာစောင်ပေးပို့ရေး ကိစ္စများကို ကြပ်မတ် ဆောင်ရွက်သွားရန် ညွှန်ကြားထားသည်။ (Yoma3 160511) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- ဆုံးရှုံးနေသော နိုင်ငံရေးအကျဉ်းသားအခွင့်အရေးများ ရရှိရန်အတွက် စစ်ကိုင်းတိုင်း ကလေးမြို့အကျဉ်းထောင်မှ နိုင်ငံရေး အကျဉ်းသား ဆရာတော် ဦးဂမ္ဘီရနှင့် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီပုတို့ ဦးဆောင်လက်မှတ်ရေးထိုးပြီး တောင်းဆိုချက်များကို မေ ၁၁ ရက်နေ့ နေ့စွဲဖြင့် ကလေးအကျဉ်းထောင်မှတဆင့် နိုင်ငံတော်သမ္မတ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၊ အာဆီယံနှင့် အာရှလူ့အခွင့်အရေးကော်မရှင်ထံသို့ မိတ္တူကူးတွဲပို့ တင်ပြလိုက်သည်။ (BBC/RFA 150511) Read More...
- မြန်မာနိုင်ငံမှ သတင်းသမားများအနေဖြင့် ဘက်မလိုက်ဘဲ မှန်ကန်သည့် သတင်းအချက်အလက်များကို ပြည်သူထံ တင်ပြ နိုင်ရန်အရေးကြီးသည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်၌ ဖွင့်လှစ်သည့် မေ ၁၅ ရက်နေ့ သတင်းစာပညာသင်တန်း အပတ်စဉ် ၁ ဖွင့်ပွဲ နှုတ်ခွန်းဆက် အမှာစကားတွင် ပြောဆိုလိုက်သည်။ (VOA 150511) Read More...
- သေဒဏ်ကျနေသူများကို တသက်တကျွန်းဒဏ် ပြောင်းပေးပြီး ကျန်အကျဉ်းသားအားလုံးကို တနှစ် လျှော့ပေးမည်ဆိုသည့် သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်သည် ကုလသမဂ္ဂနှင့် နိုင်ငံတကာက ဝိုင်းဝန်းပြောဆိုနေသည့် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသော နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်အတွက် ရည်ရွယ်ပြီး ထုတ်ပြန်တာမျိုး မဟုတ်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောခွင့်ရ ဦးဉာဏ်ဝင်းက သုံးသပ်ပြောဆိုလိုက်သည်။ (VOA 160511) Read More..., Mizzima...
- သမ္မတ ဦးသိန်းစိန်၏ အကျဉ်းသားများအပေါ် လျှော့ပေါ့ပြစ်ဒဏ်အဖြစ် သေဒဏ်မှ တသက်တကျွန်းနှင့် ကျန်အကျဉ်းသား များကို တစ်နှစ်လျှော့ချပေးလိုက်ခြင်းသည် နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်အား လွတ်ပေးလိုစိတ် မရှိခြင်းကို ပြသနေသည်ဟု ရန်ကုန် ဥပဒေအကြံပေး ဦးအောင်သိန်းက ပြောသည်။ (BBC 170511) Read More...

- နိုင်ငံတဝန်းရှိ အကျဉ်းထောင်များထဲမှ အကျဉ်းသားများကို မြန်မာအစိုးရသစ်က လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မေ ၁၇ ရက်နေ့က ပြန်လည်လွှတ်ပေးခဲ့သော်လည်း လွတ်မြောက်လာသူအများစုသည် လွတ်ရက်နီးသူများဖြစ်ကာ ရာဇဝတ် မှုဖြင့် အကျဉ်းကျသူ အများစုသာလွတ်မြောက်လာခြင်းဖြစ်သည်ဟု မေ ၁၇ ရက်နေ့တွင် လွတ်မြောက်လာသူ ဒေါ်နော်အုန်းလှက ပြောသည်။ (Yaoma3 170511) Read More...
- ညီညွတ်သော တိုင်းရင်းသား လူမျိုးများ ဖက်ဒရယ် ကောင်စီ (UNFC) က ဖက်ဒရယ် ပြည်ထောင်စု တပ်မတော် ဖွဲ့စည်းလိုက်သည့် အပေါ် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့မှ ထောက်ခံကြိုဆိုကြောင်း ဒု-ဥက္ကဌ နိုင်ငွေသိမ်းက ပြောသည်။ (IMNA 170511) Read More...
- မေ ၁၇ ရက်နေ့က ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံရေးအကျဉ်းသား၊ Hip Hop အဆိုတော် ဇေယျာသော်က နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (VOA 170511) Read More...
- နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ဆုတောင်းပွဲများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပါအဝင် တက်ကြွလှုပ်ရှားသူအချို့က ရွှေတိဂုံဘုရားနှင့် ဒဂုံမြို့သစ်တွင် မေ ၁၆ ရက်နေ့က ပြုလုပ်ခဲ့ပြီး ရွှေတိဂုံဘုရားသို့ ပုံမှန် အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့၊ NLD လူငယ်ကွန်ယက်အဖွဲ့ဝင်များ၊ သွေးလှူအဖွဲ့ဝင်များနှင့် ခရမ်း-သုံးခွမြို့နယ်မှ အဖွဲ့များစုစုပေါင်း လူအင်အား ၃၀ ကျော်ပါဝင်သည်ဟု NLD လူငယ်ကွန်ယက်အဖွဲ့ဝင် ကိုမျိုးရန်နောင်သိမ်းက ပြောသည်။ (Mizzima 180511) Read More...
- နိုင်ငံတော် သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာ ခွင့်အမိန့်သည် အပြောနှင့် လက်တွေ့ကိုက်ညီမှုမရှိဟု သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပြောခွင့်ရပုဂ္ဂိုလ် ဦးစိုင်းလိတ်က ပြောဆိုလိုက်သည်။ (S.H.A.N 180511) Read More...
- ပြန်လွတ်လာသည့် နိုင်ငံရေးအကျဉ်းသားများထဲမှ ကျန်းမာရေး ထိခိုက်လာသူများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ဆေးကုသပေးရန် ဆောင်ရွက်ပေးနေကြောင်း ပါတီ ဒု-ဥက္ကဌ ဦးတင်ဦးက ပြောသည်။ (RFA 180511) Read More..., DVB...
- ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မကြာမီလများအတွင်း ခရီးထွက်၍ ပြည်သူများနှင့် တွေ့ဆုံမည်ဟု အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ် ဒေသရေးရာ ဒု လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျိုးဇက် ဝိုင်ယွန်းနှင့် တွေ့ဆုံအပြီးတွင် သတင်းထောက်များကို ပြောဆိုလိုက်သည်။ (Irrawaddy 190511) Read More...
- "မြန်မာနိုင်ငံ ပြဿနာများ ပြေလည်ရန် အကြောင်းအရာတခုချင်းစီ ဆန်စင်ရာ ကျည်ပွေ့လိုက်သလို ဖြေရှင်းဖို့ ကြိုးစားနေတာ မျိုးထက် ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုဖြင့် တွေ့ဆုံဆွေး နွေးဖြေရှင်းသင့်သည်"ဟု ဘူးသီးတောင်ထောင်တွင် အကျဉ်းကျနေသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ်က ပြောဆိုလိုက်သည်ဟု ယောက်ဖတော်သူ ကိုဖြိုးမင်းသိန်းက ပြောသည်။ (RFA 190511) Read More...
- သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ထဲမှ ၅၀ နီးပါးသာ လွတ် မြောက်လာခဲ့သည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေဖြင့် နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေး လှုပ်ရှားမှုများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဟု NLD ခေါင်းဆောင် ဟံသာဝတီ ဦးဝင်းတင်က ပြောသည်။ (RFA 190511) Read More...
- မြန်မာအစိုးရသစ် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် အကျဉ်းသားတသောင်းခွဲနီးပါး လွတ်မြောက်လာသော် လည်း နိုင်ငံရေး အကျဉ်းသား အနည်းငယ်သာ လွတ်မြောက်လာသည့်အတွက် နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (DVB 190511) Read More...
- သမ္မတဦးသိန်းစိန် အမိန့်ဖြင့် အကျဉ်းသားများ လွှတ်ပေးသည်ကို "Amnesty (လွတ်ငြိမ်းချမ်းသာခွင့်) ဟု မခေါ်နိုင် ဘဲ Commute ပြစ်ဒဏ် လျှော့ပေးခြင်းဟုသာ ခေါ်ဆိုနိုင်ကြောင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မေ ၁၉ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (Mizzima 200511) Read More...
- ရန်ကုန်မြို့ အင်းစိန်ထောင်ရှိ အမျိုးသမီးအဆောင်တွင် နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ အမျိုး သမီးအချို့သည် မေ ၁၇ ရက်နေ့က အစာငတ်ခံဆန္ဒပြနေသည်ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) AAPP အတွင်း ရေးမှူး ဦးတိတ်နိုင်က ပြောသည်။ (Mizzima 200511) Read More...
- NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခရီးသွားလုပ်ငန်းဆိုင်ရာ ကြေညာချက်တစ်စောင်ကို မေလ ၂၀ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း NLD ပြန်ကြားရေး တာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 200511) Read More...
- ရန်ကုန် အင်းစိန်ထောင်တွင်းရှိ နိုင်ငံရေး အကျဉ်သား ဆရာတော် ဦးဂိသုဒ္ဓ၊ ဦးရေဝတ၊ ဦးဂိသာလ၊ ကိုဇော်ထွန်း နိုင်၊ ကိုကိုအောင်၊ ကိုအောင်နိုင်၊ စောနိုင်၊ စောအယ်လ်ထူး၊ စောနိဝယ်တို့ အပါအဝင် ၂၂ ဦးတို့က အင်းစိန်ထောင်တွင်း စား ဝတ်နေရေးနှင့် ကျန်းမာ ရေးစောင့်ရှောက်မှု ညံ့ဖျင်းမှုများကြောင့် အကျဉ်းသားများ ကြုံတွေ့နေ ရသည့် အခက်အခဲများကို ဖြေရှင်းပေးရန်အတွက် မေ ၂၁ ရက်နေ့ နံနက် ၉ နာရီမှစ၍ အစာငတ်ခံ ဆန္ဒပြနေသည်ဟု ထောင်ဝင်စာသွားတွေ့သူ အကျဉ်းသား မိသားစုဝင်တစ်ဦးက ပြောသည်။ (Irrawaddy 210511) Read More..., RFA...

**NDD-** မှတ်တမ်းတင်နှင့်သုတေသနဌာန

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- တိုးတက်သော ကရင်ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA နှင့် ကရင်အမျိုးသားအစည်းအရုံး KNU ပူးပေါင်းတပ်များသည် မေ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ကော့ကရိတ်မြို့နယ်အတွင်းရှိ တမိုင်ကုန်းနှင့် ချောင်တော်ဆိုသည့် နေရာများရှိ အစိုးရစစ်စခန်းများကို ထပ်မံတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု DKBA တပ်မှူး ဗိုလ်မှူး စောဆန်းအောင် ပြောသည်။ (VOA 150511) Read More...
- လက်နက်ကိုင် တိုင်းရင်းသား (၁၂) ဖွဲ့ပါဝင်သည့် ညီညွတ်သော တိုင်းရင်းသား ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ ၏ အမာခံအဖွဲ့ (၆) ဖွဲ့ ဖြစ်သော KIO၊ SSPP၊ KNU၊ KNPP၊ NMSP နှင့် CNF တို့သည် လက်တွေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်ထည်ဖော်ရာ၌ ထိရောက်အောင်မြင်မှုရစေရန် အဓိက အချက် (၄) ချက်ဖြင့်ပြန်လည် ဖွဲ့စည်း လိုက်သည်ဟု UNFC အဖွဲ့ပြောရေးဆိုခွင့်ရှိသူ နိုင်ဟံသာက ပြောသည်။ (NMG 170511) Read More... Kaowao, S.H.A.N...
- အစိုးရ စစ်တပ်နှင့် ကရင်လွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (DKBA) ပူးပေါင်းတပ်ဖွဲ့ အကြား ယခုနှစ် ဇန်နဝါရီလမှ ဧပြီလ အထိ တိုက်ပွဲပေါင်း ၃၅၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း KNLA တပ်မဟာ ၇ မှ ဗိုလ်မှူးချုပ် စောဂျော်နီကပြောသည်။ (Irrawaddy 180511) Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ထိန်းချုပ်နယ်မြေတခုဖြစ်သည့် မိုးညှင်းမြို့နယ်အတွင်းရှိ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) စခန်းများကို အစိုးရတပ်များက မေ ၁၈ ရက်နေ့ နံနက်တွင် လောင်ချာများဖြင့် ပစ်ခတ်ခံခဲ့ရပြီးနောက် အမြင့်ဆုံးတပ်လှန့်ထားသည်ဟု KIA အရာရှိကြီးတစ်ဦးက ပြောသည်။ (Irrawaddy 180511) Read More ...
- ဦးသိန်းစိန်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် ကြေညာချက်သည် အတုအယောင်သာဖြစ်ကြောင်းနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စကို ဆွေးနွေးမည်ဟု ပြောဆိုနေခြင်းသည်လည်း အတုအယောင်သာဖြစ်လိမ့်မည်ဟု အမည်မဖော်လိုသည့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA အရာရှိတစ်ဦးက ပြောသည်။ (RFA 180511) Read More...
- မိမိတို့ ပါတီအနေနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်ကို ငြိမ်းချမ်းရေး ဆွေးနွေးရန် စတင်ကမ်းလှမ်းထားသည် ဆိုသည့် ကောလာဟာလသတင်းမှာ မဟုတ်မှန်ကြောင်း မွန်ပြည်သစ်ပါတီက ငြင်းဆိုလိုက်သည်။ (IMNA 190511) Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ ထိန်းချုပ်နယ်မြေ တပ်ရင်း ၅ ဒေသအတွင်း အစိုးရတပ်များ သွားလာလှုပ်ရှားနေသဖြင့် မေလ ၂၅ ရက်နေ့ နောက်ဆုံးထား၍ တပ်ရုပ်သိမ်းပေးရန် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ မေ ၁၉ ရက်နေ့တွင် သတိပေးလိုက်ကြောင်း ကချင်အရာရှိဦးလှနန်က ပြောသည်။ (Mizzima 190511) Read More...
- မုဒုံမြို့အနီး တယ်လီဖုန်း အိပ်ချိန်းရုံးကို ဝင်ရောက် ပစ်ခတ်ဖေါက်ခွဲခဲ့သည့်အဖွဲ့၏ ဝတ်ထားသော အင်္ကျီတဆိပ်မှာ (MPLA) ရေးထားပြီး ၎င်းတို့အချင်းချင်းလည်း မွန်စကား ပြောနေတာကို ကြားရသောကြောင့် မွန်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် (MPLA) ဖြစ်နိုင်သည်ဟု ဖောက်ခွဲသူများ လုယက်မောင်းနှင်သွားသည့် မော်တော် ကားမှ မျက်မြင်ခရီးသည်တစ်ဦးက ပြောသည်။ (IMNA 200511) Read More...
- မြန်မာစစ်တပ်နှင့် ကချင်ပြည် လွတ်မြောက်ရေးတပ်မတော် KIA တပ်ဖွဲ့များအကြား လတ်တလောတင်းမာမှု တိုးမြင့်နေပြီး မြန်မာအစိုးရ ခြေမြန်တပ်ရင်း ခမရ(၁၂၁) မှ လှုပ်ရှားတပ်ဖွဲ့သည် မြစ်ကြီးနားမြို့ အနောက်ဖက် မိုင် (၂၀)ခန့် အကွာတွင် တည်ဆောက်ထားသည့် KIA တပ်စခန်းအနီးသို့ ချဉ်းကပ်ဝင်ရောက်လာခဲ့ရာ မေ ၁၉ ရက်နေ့ ည (၇) နာရီ ခွဲအချိန်ခန့်က နှစ်ဖက်ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု KIO ဌာနချုပ်ရှိ ဗဟိုကော်မတီ ရုံးမှ ဦးလနန်က ပြောသည်။ (NMG 200511) Read More...
- ကချင်ပြည်နယ်တွင် တည်ဆောက်မည့် မြစ်ဆုံဆည်သည် ပြည်တွင်းစစ်အထိ ဦးတည်သွားနိုင်သဖြင့် စီမံကိန်းကို ရပ်ဆိုင်းထားပါရန် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဥက္ကဋ္ဌ လဂျော်ဇော်ဟရားက လက်မှတ်ရေးထိုးထားပြီး တရုတ်သမ္မတ ဟူကျင်းတောင်ထံ မတ်လ ၁၆ ရက်နေ့က အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားပေးပို့လိုက် သည်။ (Mizzima 210511) Read More...
- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် မြန်မာစစ်အစိုးရတပ်များအကြား ဆက်ဆံရေးတင်းမာမှုပိုမိုဖြစ်ပွားလာနေချိန်တွင် မြန်မာအစိုးရတပ်များဆုတ်ခွာပေးရန် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ထံ KIO က စာရေးတောင်းဆိုလိုက်ကြောင်း KIO တွဲဖက်အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (BBC 210511) Read More...

## (ဂ) ပြည်ပအင်အားစုများ

- ဂျပန်နိုင်ငံတွင် ဆူနာမီငလျင်ဒဏ်ကြောင့် မကျင်းပဖြစ်ခဲ့သော မြန်မာ့သင်္ကြန်ပွဲကို တိုကျိုမြို့ရှိ ဟီဘီရာပန်းခြံတွင် ကျင်းပခဲ့ရာ နိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးအတွက် လက်မှတ်ထိုးလှုပ်ရှားမှုတရပ်ကိုလည်း ပြုလုပ်ခဲ့ပြီး လက်ရှိအချိန်ထိ လက်မှတ် ၅၀၀ ခန့်ရရှိထားသည်ဟု မြန်မာ့ဒီမိုကရေစီကွန်ရက် (ဂျပန်)မှ ကိုဘုန်းမြင့်ထွန်းက ပြောသည်။ (DVB 150511) Read More...
- နိုင်ငံရေးကြောင့် အကျဉ်းကျခံနေရသည့် သံဃာတော်များကို ထောင်ဝင်စာတွေ့ကာ အကူအညီပေးခဲ့သည့် ရန်ကုန်မြို့နေ ဒေါ်ရှု နှင့်အတူ အလုပ်သမား၊ လယ်သမားအရေး ဆောင်ရွက်ပေးနေသည့် ရှေ့နေဦးဖိုးဖြူ အပါဝင် ၅ ဦးကို ဆန်ခါတင် ရွေးချယ် ထားရာ ဆုအဖြစ် ငွေသား အမေရိကန်ဒေါ်လာ ၁ သောင်းနှင့် ပြည်သူ့ဂုဏ်ရည် ဆုတံဆိပ်ကို ချီးမြှင့်မည်ဖြစ်သည်ဟု အမေရိကန် နိုင်ငံ အခြေစိုက် ဆုပေးအပ်ပွဲ ကျင်းပရေးကော်မတီက ထုတ်ပြန် ကြေညာလိုက်သည်။ (Irrawaddy 160511) Read More...
- နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့် အမိန့်ကြေညာချက်နှင့်ပတ်သက်၍ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP-B) ကငင်းအမိန့်ကြေညာချက်သည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး တောင်းဆိုနေသည့် မြန်မာနိုင်ငံသားများ၊ နိုင်ငံတကာအစိုးရများနှင့် ကုလသမဂ္ဂအပါအဝင် လူ့အခွင့်အရေးအဖွဲ့များကို ပျက်ရယ်ပြုစော်ကားလိုက်ခြင်း သာဖြစ်ကြောင်း နှင့် ပြင်းထန်စွာပြစ်တင်ရှုံ့ချလိုက်ကြောင်း သတင်းထုတ်ပြန် ကြေညာလိုက်သည်။ (Yaoma3 170511) Read More ..., KIC, RFA...
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ချုပ် (ILO)၏ အကြိမ် ၁၀၀ မြောက် ညီလာခံတွင် မြန်မာအစိုးရသစ်က ၎င်းတို့ စိတ်ကြိုက်ရေးဆွဲထားသည့် အလုပ်သမားအဖွဲ့အစည်းဆိုင်ရာ အတုအယောင် ဥပဒေတရပ်တင်ပြရန် စီစဉ်ပြင်ဆင်နေသည့်အတွက် နိုင်ငံတကာအစိုးရများနှင့် အလုပ်သမားအဖွဲ့များမှ ကန့်ကွက်ကြရန် ထိုင်းနိုင်ငံအခြေစိုက် FTUB မြန်မာနိုင်ငံ အလုပ်သမား အဖွဲ့ချုပ်က မေလ ၁၈ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 180511) Read More...
- ဦးသိန်းစိန်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြောင့် ပြန်လွတ်လာသည့် အကျဉ်းသားပေါင်း ၁၄၆၀၀ ထဲတွင် နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၅၀ မပြည့်သေးကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP-B အတွင်းရေးမှူး ကိုတိတ်နိုင်က ပြောသည်။ (RFA 180511) Read More...
- ဗြိတိန်နိုင်ငံ ဘရိုက်တန်မြို့တွင်ကျင်းပသော အနုပညာပွဲတော်တွင် မြန်မာ့အရေးနှင့်ပတ်သက်၍ စကားရည်လုပွဲတစ်ရပ်ကို Burma Campaign UK က မေလ ၁၇ ရက်နေ့တွင် စီစဉ်ကျင်းပခဲ့သည်။ (RFA 180511) Read More...
- အိန္ဒိယနိုင်ငံ ကာလကတ္တား အကျဉ်းထောင်တွင် ၁၀ နှစ်ကျော် အထိန်းသိမ်းခံခဲ့ရရာမှ မေလ ၁၉ ရက်နေ့တွင်ပြန်လည် လွတ်မြောက်လာခဲ့ကြသည့် ရခိုင်နှင့်ကရင်တော်လှန်ရေးအကျဉ်းသား ၃၁ ယောက်သည် နယူးဒေလီမြို့သို့ရောက်ရှိလာရာ နယူးဒေလီရှိ မြန်မာ့ ဒီမိုကရေစီအင်အားစုများက ကြိုဆိုပွဲအခမ်းအနားတစ်ရပ် ပြုလုပ်ခဲ့သည်။ (RFA 200511) Read More...

## နိုင်ငံရေးအဖွဲ့အစည်းများ

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- နိုင်ငံတော် အာဏာအား လွှတ်တော်သို့ လွှဲခြင်းမဟုတ်ဘဲ ကြံ့ခိုင်ရေးပါတီသို့ လွှဲအပ်ခြင်းသာဖြစ်ကြောင်း ကြံ့ခိုင်ရေးပါတီ ထိပ်တန်း ခေါင်းဆောင် ဦးမောင်ဦးက ရခိုင်ပြည်နယ် ပေါက်တောမြို့မှ မြို့မိမြို့ဖများနှင့် ဝန်ထမ်းများကိုတွေ့ဆုံစဉ် ပြောဆိုခဲ့ကြောင်း ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP ပြည်နယ်လွှတ်တော်အမတ် ဦးတက်ထွန်းအောင်က ပြောသည်။ (Mizzima 170511) Read More...

### အခြားပါတီများ

- ကရင်ငြိမ်းချမ်းရေးကော်မတီ၏ ပန်ကြားချက်အရ ကရင်ပြည်နယ်အတွင်း အပစ်အခတ် ရပ်စဲရေးနှင့်စစ်ကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသူများ နေရပ်ရင်းပြန်လာရေးအတွက် လက်နက်ကိုင် ကရင်တိုင်းရင်းသား အဖွဲ့အစည်းများနှင့် အစိုးရသစ်တို့ အကြား တွေ့ဆုံဆွေးနွေးကြရန် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီက ဦးသိန်းစိန်အစိုးရသစ်ထံ တင်ပြထားသည်ဟု ပါတီမှ လွှတ်တော် ကိုယ်စားလှယ် နန်းစေးဂါက ပြောသည်။ (RFA 150511) Read More...

- ပြည်နယ်အသီးသီးရှိ အစိုးရစာသင်ကျောင်းများတွင် မိခင်ဘာသာစာပေ သင်ကြားခွင့်ရရေးအတွက် အစိုးရသစ်ထံသို့ တိုင်းရင်းသားနိုင်ငံရေးပါတီများဖြစ်သော မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP၊ ချင်းအမျိုးသားပါတီ၊ ရှမ်းအမျိုးသား ဒီမိုကရက်တစ်ပါတီ SNDP နှင့် ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီတို့က ပူးပေါင်းတောင်းဆိုသွားမည်ဟု RNDP အထွေထွေအတွင်းရေးမှူး ဦးလှစောက ပြောသည်။ (DVB 160511) Read More...
- ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးကိစ္စကို ဆောင်ရွက်ပေးရန် ဖလုံစဝေါ်ပါတီမှ မတ်လအတွင်းက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့မှုကို သက်ဆိုင်ရာဝန်ကြီးများက လုပ်ပေးမည်ဟု ကတိပေးခဲ့သော်လည်း ယခုအချိန်အထိ ငြိမ်းချမ်းရေးမရှိသေးကြောင်း ပါတီ လွှတ်တော်ကိုယ်စားလှယ် နန်းစေးဝါးက ပြောသည်။ (DVB 170511) Read More...
- ကချင်ပြည်နယ်အတွင်း လစ်လပ်သွားသည့် အမတ်နေရာများအတွက် ကျင်းပသွားမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ပါတီလေးပါတီဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီနှင့် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ တို့သည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ကျားဖြူပါတီ ဘဏ္ဍာရေးမှူး စောသန်းမြင့်က ပြောသည်။ (KNG 200511) Read More ...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- တွံတေးမြို့နယ်မှ နိုင်ငံရေးအကျဉ်းသားဟောင်း ၅ ဦးဖြစ်သော ဦးချစ်ခင်၊ ဦးချစ်ဖေ၊ ဦးအောင်ဖေ၊ ကိုဇော်မင်းထွန်းနှင့် ကိုအောင်စိုးဝေတို့က မေ ၁၇ ရက်နေ့တွင် တွံတေးရွှေဆံတော်ဘုရား၌ ညောင်ရေသွန်းပြီး နိုင်ငံရေးအကျဉ်သားလွတ်မြောက်ရေး ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်ဟု ဦးအောင်ဖေက ပြောသည်။ (DVB 170511) Read More...
- ကချင်ပြည်နယ် မိုးမောက်မြို့နယ်နှင့် ဗန်းမော်မြို့နယ်ရှိ ကျေးရွာ ဒေသခံများက စစ်အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေး တပ်မတော် KIA အကြား တိုက်ပွဲများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်နေကြသည်။ (Irrawaddy 200511) Read More...

## မီဒီယာအခန်းကဏ္ဍ

- မေ ၁၀ ရက်နေ့တွင် ပထမဆုံးပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ သတင်းသည် ပြည်ပရုပ်သံလိုင်းတခု၏ သတင်းထုတ်လွှင့်ချက်တွင် ပါသွားပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဒုတိယအပတ်စဉ် သတင်းစာရှင်းလင်းပွဲ၌ ရုပ်မြင်သံကြားရိုက်ကူးခွင့်ကို ပိတ်ပင် လိုက်သည်ဟု ရန်ကုန်တိုင်းအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Mizzima 170511) Read More...
- ကမ္ဘာ့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယား၏ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သော သတင်းအချက်အလက်အချို့ကို အစိုးရ စာပေစိစစ်ရေးက ဖော်ပြခွင့်မပြုဘဲ ဖြတ်ပယ်လိုက်ကြောင်း ပြည်တွင်း သတင်းသမားတဦးက ပြောသည်။ (Irrawaddy 180511) Read More...
- မေလ ၁၀ ရက်နေ့တွင်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ ရုပ်သံကို ပြည်ပအခြေစိုက် ဒီမိုကရက်တစ် မြန်မာ့အသံ (DVB) ၌ ထုတ်လွှင့်ပြသခဲ့ပြီးနောက် မေလ ၁၇ ရက်နေ့တွင်ပြုလုပ်မည့် ဒုတိယအကြိမ် အစိုးရသစ်နှင့် ပြည်တွင်းမီဒီယာများ  တွေ့ဆုံမှုကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း ရန်ကုန်သတင်း အသိုင်းအဝန်းကြားတွင် သတင်းများထွက်ပေါ်နေကြောင်း သိရသည်။ (Irrawaddy 190511) Read More...
- မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်သွားသော်လည်း စာပေစိစစ်ရေးအဖွဲ့က ယခင်ကဲ့သို့ တင်းကျပ်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြည်တွင်း သတင်းထောက်များက ပြောသည်။ (RFA 190511) Read More...
- အစိုးရဌာနများ၏ အခမ်းအနားများသို့ တက်ရောက်သတင်းယူမည့် သတင်းအယ်ဒီတာများအနေဖြင့် မိမိနှင့် တစ်ပါတည်းယူဆောင်လာမည့် လက်ကိုင်ဖုန်း၊ ကင်မရာနှင့် အသံဖမ်းကိရိယာ စသည်တို့အား အသုံးပြုခွင့်ပေးထားသည်ဆိုသော သက်ဆိုင်ရာ အကြီးအကဲ၏ ထောက်ခံချက်ယူ ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ဝင် နိုင်ငံခြားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူဝင်မှုကြီး ကြပ်ရေး ဌာနများ၏ ဝန်ကြီးဖြစ်သူ ဦးဉာဏ်ထွန်းဦးက မေ ၁၇ ရက်နေ့ သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ (EMG 190511) Read More...
- ရန်ကုန်မြို့ရှိ အင်တာနက်လုပ်ငန်းများကို အစိုးရသစ် မြန်မာ့ဆက်သွယ်ရေးဌာနမှ ပိုမို တင်းကျပ်သော စည်းကမ်း ချက် အသစ်များ ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ အာဆီယံ ပဋိညာဉ် စာချုပ်ပါ အခြေခံကျသည့် လွတ်လပ်မှုများ၊ လူ့အခွင့်အရေး ဆိုင်ရာကာကွယ်စောင့်ရှောက်မှု မြှင့်တင်ရေး၊ လူမှုအဖွဲ့အစည်းဆိုင်ရာ တရားမျှတမှုတိုးတက်ရေး ဆိုင်ရာများအား ချိုးဖောက်သည့် အပြုအမူမျိုး

ဖြစ်၍ လက်ခံနိုင်စရာမရှိကြောင်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF) က မေ ၁၇ ရက်နေ့တွင် ထုတ်ပြန်သည့် ကြေညာချက်၌ ရှုတ်ချလိုက်သည်။ (Irrawaddy 200511) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့်နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ချိုးဖောက်ပြီး မြောက်ကိုရီးယားနှင့် မြန်မာနိုင်ငံတို့အကြား လက်နက် နည်းပညာ အကူအညီ ပေးခြင်းများ လုပ်ဆောင်ခြင်း ရှိမရှိကို သတိထား စောင့်ကြည့်သွားရန် ကုလသမဂ္ဂ၏ လျှို့ဝှက် အစီရင်ခံစာတစောင်ကို ကိုးကား၍ ရိုက်တာသတင်းက ဖော်ပြလိုက်သည်။ (VOA 150511) Read More...
- ကမ္ဘာ့ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးရေးမှူး မစ္စတာ သောမတ်စ် အိုဟေး ကင်တားနားသည် ထိုင်းနိုင်ငံအခြေစိုက် မြန်မာ့အရေးလှုပ်ရှားသူများနှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ တွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲတရပ်ကို ပြုလုပ်ရန် အစီအစဉ်ရှိသည်ဟု လူ့အခွင့်အရေး ပညာပေးရေးဌာန - မြန်မာနိုင်ငံ (HREIB) ၏ ညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်းက ပြောသည်။ (Irrawaddy 160511) Read More...
- ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တာနားက သမ္မတ ဦးသိန်းစိန်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ၎င်းအနေဖြင့် စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ (RFA 170511) Read More...
- မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေများနှင့်ပတ်သက်၍ ကုလသမဂ္ဂတွင် တင်ပြသွားရန်အတွက် ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်စ် အိုဟေး ကင်တားနား (Tomas Ojea Quintana) သည် မြန်မာ့အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများနှင့် ထိုင်းနိုင်ငံတွင်တွေ့ဆုံခဲ့သည်။ (VOA 180511) Read More...
- မြန်မာနိုင်ငံကို ၂၀၁၄ ခုနှစ်တွင် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးရေး၊ မပေးရေးကိစ္စသည် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ဒီမိုကရေစီ ဖော်ဆောင်ရေး အလားအလာကို ကြည့်ပြီးမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင် ပစ်ဆူဝန် (Dr. Surin Pitsuwan) က ပြောကြားလိုက်သည်။ (VOA 190511) Read More...
- မြန်မာနိုင်ငံတွင် မကြာသေးမီက ထုတ်ပြန်ခဲ့သည့်လွတ်ငြိမ်းချမ်းသာခွင့်လျှော့ရက်ဖြင့် နိုင်ငံရေးအကျဉ်းသားအနည်းငယ် လွတ်မြောက်လာခြင်းသည် ကျေနပ်အားရစရာမရှိသေးကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ် Martin Nesirky က ပြောကြားလိုက်သည်။ (VOA 200511) Read More...
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချိန်ပြည့် အထူးကိုယ်စားလှယ်တစ်ဦးထားရှိရန် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လိုလားကြောင်းကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေး နမ်ဘီးယားက လုံခြုံရေးကောင်စီသို့ အစီရင်ခံတင်ပြပြောကြားခဲ့သည်။ (RFA 200511) Read More...

### (ခ) အစိုးရများ

- ၂၀၁၄ ခုနှစ် အာဆီယံ၏ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်မယူမီ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး အပါအဝင် လူ့အခွင့်အရေး အခြေအနေ တိုးတက်အောင် အရင်ဆုံး လုပ်သင့်သည့်ဟု ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ကယ်ဗင် ရပ်ဒ် (Kevin Rudd) နှင့် ထိုင်းနိုင်ငံခြားရေး ဝန်ကြီး ကဆစ် ပီရွမ်း (Kasit Piromya) တို့၏ သီတင်းပတ်ကုန် ဆွေးနွေးပွဲများမှ တဆင့် ဖိအားပေး တောင်းဆိုလိုက်သည်။ (VOA 150511) Read More...
- အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုချမှတ်ထားမှုအား နောက်ထပ်တနှစ် သက်တမ်းတိုးမြှင့်လိုက်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက မေလ ၁၆ ရက်နေ့တွင် တရားဝင် ထုတ်ပြန်လိုက်သည်။ (RFA 170511) Read More..., VOA...
- အမေရိကန်နိုင်ငံ အရှေ့အာရှနှင့် ပစိဖိတ် ဒေသရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျိုးဇက်ဝိုင်ယွန်းသည် မြန်မာအစိုးရ နိုင်ငံခြားရေးရာ ဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လွှတ်တော် ဒု ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာတို့ နှင့် မေလ ၁၈ ရက်နေ့က နေပြည်တော်တွင် မြန်မာ-အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်ရေးနှင့် အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သော်လည်း မေလ ၁၉ ရက်နေ့ထုတ် အစိုးရသတင်းစာများတွင် ဖော်ပြထားခြင်းမရှိပေ။ (Irrawaddy 190511) Read More...

- အမေရိကန် ဒု-လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျိုးဇက် ယွန်း (Joseph Yun) သည် အမျိုးသား ဒီမိုက ရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဗဟိုကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ ဝင်များကို မေလ ၁၈ ရက်နေ့က တွေ့ဆုံပြီး နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး အတွက် အမေရိကန် နိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု ဦးအေးသာအောင်က ပြော သည်။ (VOA 190511) Read More..., RFA, DVB
- တရုတ် အဆင့်မြင့်မိုင်းရှင်းကိရိယာသစ်များကို မြန်မာစစ်တပ်သို့ တရားမဝင် နယ်စပ်ဂိတ်မှတဆင့် ကုန်တင်ကား ၆ စီးဖြင့် လွှန်ခဲ့ သည့် ဧပြီလနောက်ဆုံးအပတ်တွင် ပေးပို့ခဲ့သည်ဟု မူဆယ်နယ်စပ်ရှိ စစ်ရေးလေ့လာသူများက ပြောသည်။ (KNG 200511) Read More...
- မြန်မာနိုင်ငံသို့ရောက်ရှိနေသည့် အမေရိကန်ပြည်ထောင်စု အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဒု-လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Joseph Yun သည် ၂၀၁၀ ရွေးကောက်ပွဲတွင် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှမဟုတ်ပဲ အခြားပါတီများမှ အနိုင်ရရှိသည့် လွှတ်တော် ကိုယ်စားလှယ် ၅ ဦးနှင့် မေလ ၂၀ ရက်နေ့က တွေ့ဆုံခဲ့ပြီး အစိုးရသစ်လက်ထက်တွင် အပြောင်းအလဲဖြစ်နိုင် မဖြစ်နိုင်နှင့်ပတ် သက်ပြီး ဆွေးနွေးခဲ့ကြသည်။ (RFA 200511) Read More..., DVB...
- မြန်မာအစိုးရနှင့် မြောက်ကိုရီးယားအကြား စစ်ရေးဆက်ဆံမှုများနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက စိုးရိမ်ကြောင်း အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်က မြန်မာအစိုးရ အာဏာပိုင်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း ရန်ကုန် အမေရိကန်သံရုံးက မေ ၂၀ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 210511) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် အကျဉ်းသားများကို အစိုးရမှ ထောင်ဒဏ် သက်တမ်းလျှော့ပေါ့ပေးရုံ မျှမက၊ ချွင်းချက်မရှိ အမြန်ပြန်လွှတ်ပေး ရန် လိုကြောင်း A.I ခေါ် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မေလ(၁၇) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်တောင်း ဆိုလိုက်သည်။ (RFA 180511) Read More...

---

***End of report/ Saturday, May 21, 2011***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---